“အသံ”

# နိုင်ငံတကာအင်တာနက်ကွန်ရက် ထိန်းချုပ်ရေးအတွက် အင်အားထောက်ပံ့

တရုတ်နိုင်ငံအင်တာနက်ကွန်ရက် လုံခြုံရေးနှင့် သတင်းအချက်အလက်ပုံစံ အလုပ်အစည်းအဝေးကို ပေကျင်းတွင် ဧပြီလ(၂၀)ရက်နေ့မှ (၂၁)ရက်နေ့အထိ ကျင်းပခဲ့သည်။ တရုတ်နိုင်ငံ နိုင်ငံတော်သမ္မတရှီကျင့်ဖျင်မှ အစည်းအဝေးသို့ တက်ရောက်ပြီး အလေးပါစကားလေးနက်စွာပြောဆိုခဲ့သည်။ သတင်းအချက်အလက်ပုံစံ ဖွံ့ဖြိုးတိုးတက်မှုသမိုင်းအခွင့်အရေးကို သွက်လက်စွာလိုက်မိပြီး အွန်လိုင်းသတင်းအချက်အလက်များ တကယ့်အဖြစ်မှန်နှင့်ကိုက်ညီစေရန် ခိုင်မာစွာလုပ်ဆောင်ခြင်း၊ အင်တာနက်ကွန်ရက်လုံခြုံရေးကိုထိန်းချုပ်ကာ သတင်းအချက်အလက်နယ်ပယ် ဗဟိုနည်းပညာထိုးဖောက်ရေးကိုတွန်းတင်ခြင်း၊ သတင်းအချက်အလက်ပုံစံ စီးပွားလူမှုဖွံ့ဖြိုးတိုးတက်ရေး၏ လမ်းညွှန်အကျိုးသက်ရောက်မှုကိုလုပ်ဆောင်ခြင်း၊ အင်တာနက်ကွန်ရက် သတင်းအချက်အလက်နယ်ပယ်တွင် စစ်တပ်ပြည်သူလူထုအကြားချစ်ကြည်ရေးနှင့်ပေါင်းစပ်ရေးကို ခိုင်မာခြင်း၊ အင်တာနက်ကွန်ရက် နိုင်ငံတကာထိန်းချုပ်ရေးလုပ်ငန်းစဉ်အတွင်းသို့ တက်ကြွစွာပါဝင်ခြင်း၊ အင်တာနက်ကွန်ရက်နိုင်ငံကြီး ဆောက်လုပ်ရေးကို ကိုယ်ပိုင်ဆန်းသစ်ခြင်း စသည့်အကြောင်းအရာတို့ကို ပြောကြားခဲ့သည်။

နောက်ဆက်လာမည့် တရုတ်နိုင်ငံ၏ အင်တာနက်ကွန်ရက်နှင့် သတင်းအချက်အလက်ပုံစံ ဖွံ့ဖြိုးတိုးတက်ရေးမည်သို့လျှောက်လှမ်းမည်မှာ အင်တာနက်ကွန်ရက်နိုင်ငံကြီးဆောက်လုပ်ခြင်း ဖြစ်ကြောင်း ဘယ်လ်ဂျီယံလူဝိမ်တက္ကသိုလ်စီးပွားရေးပညာပါမောက္ခ လောကဲ့တီစစ်က ပြောပြသည်။ တရုတ်နိုင်ငံသည် အင်တာနက်ကွန်ရက် နည်းပညာဆန်းသစ်မှု၊ ဗဟိုနည်းပညာကျွမ်းကျင်မှုနှင့် အင်တာနက်ကွန်ရက် နည်းပညာသုံးစွဲမှုစသည့်အပိုင်းကဏ္ဍများတွင် များစွာရင်းနှီးမြှုပ်နှံလုပ်ဆောင်မည်ဖြစ်ပြီး တရုတ်နိုင်ငံအားအင်တာနက်ကွန်ရက်နိုင်ငံကြီးအဖြစ်သို့လျှောက်လှမ်းရန် တွန်းတင်မည်ဖြစ်သည်။

အင်တာနက်ကွန်ရက် အရှိန်မြင့်ဖွံ့ဖြိုးတိုးတက်မှုကိုရင်ဆိုင်ရာတွင် တစ်ကမ္ဘာလုံးက တူညီသောသင်ခန်းစာနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ အင်တာနက်လုံခြုံရေးကို မည်သို့ခိုင်မာစေခြင်း၊ အီလက်ထရောနစ်ကော်မာရှယ်လှုပ်ရှားမှု၏ယုံကြည်မှုစနစ်ကို တည်ဆောက်ခြင်း၊ လိမ်လည်မှုများယွင်း၊ မဖွယ်မရာသတင်းအချက်အလက်များကို မည်သို့ပပျောက်ခြင်း၊ လူမှုရေးလောကတစ်ခုလုံး ကျန်းမာသောအင်တာနက်ကွန်ရက်ဖြန့်လွှင့်ခြင်းအတွင်း အကျိုးမည်သို့ရရှိစေခြင်းစသည်တို့နှင့် ရင်ဆိုင်နေရသည်။ အဆိုပါအင်တာနက်လုံခြုံရေးနှင့် သတင်းအချက်အလက်ပုံစံ ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းကဏ္ဍ၏ပြဿနာများကို သမ္မတရှီကျင့်ဖျင်၏ မိန့်ခွန်းစကားအထဲမှ အဖြေရှာဖွေနိုင်သည်ဟု ထိုင်းနိုင်ငံ Mahrdသူလုံတက္ကသိုလ်တရုတ်ရေးရာ သုတေသနစင်တာဦးစီးမှူး စစ်ယွမ်တယ်ကပြောကြားဖော်ပြခဲ့သည်။





ယခုတရုတ်နိုင်ငံမှ အင်တာနက်ကွန်ရက်ထိန်းချုပ်ရေးပေါ်တွင် လုပ်ဆောင်ချက်အဆက်တွဲကို ထုတ်ပြန်ခဲ့ပြီး မဖွယ်မရာအကြောင်းအရာများ ပါဝင်သည့် ဝက်ဆိုက်တစ်ချို့ကို ပိတ်ပင်ခြင်းဖြင့်အင်တာနက်ကွန်ရက် သန့်စင်မှုအပေါ်အလွန်ကောင်းမွန်သော တွန်းတင်အကျိုးသက်ရောက်မှုရှိကြောင်း အိန္ဒိယ Jawaharlal Nehruတက္ကသိုလ် ကွန်ပျူတာစနစ်သိပ္ပံကောလိပ်ပါမောက္ခ လာဝေါ်အယ်ကပြောသည်။ အိန္ဒိယအင်တာနက်ကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးလည်း တူညီသော အခက်အခဲများကြုံတွေ့နေရသည်။ အွန်လိုင်းပေါ်တွင်မဟုတ်မမှန်သောသတင်းများဖြန့်လွှင့်၊ အင်တာနက်လိမ်လည်မှုများ ထွက်ပေါ်လာနေသည်။ တရုတ်နိုင်ငံ၏ ထိန်းချုပ်နည်းလမ်းနှင့် အတွေးအခေါ်မှာ အထူးအကျိုးဆောင်နိုင်သည်။ အင်တာနက်ကွန်ရက်မှာစီးပွားလူမှုရေးနယ်ပယ်များနှင့်အတူ ထိရောက်စွာ အုပ်ချုပ်ထိန်းချုပ်ရန် လိုအပ်နေပါသည်။

တစ်ချို့သော အရှေ့တောင်အာရှနိုင်ငံများတွင် အရှေ့တောင်အာရှ တရုတ်နိုင်ငံ၏ ဆက်သွယ်ရေးနည်းပညာကုန်ပစ္စည်းများကို နေရာအနှံ့တွေ့မြင်နိုင်သည်။ ဒေသခံပြည်သူများအတွက် ထိရောက်သော အကျိုးအမြတ်များသယ်ဆောင်ပေးနိုင်ခဲ့သည်။ တရုတ်နိုင်ငံ၏ အာလီပါပါကုမ္ပဏီနှင့် ထိုင်းနိုင်ငံအစိုးရသည် ပူးပေါင်းဆောင်ရွက်ရေးလိုလားချက်များကိုလက်မှတ်ရေးထိုးခဲ့ပြီး ထိုင်းနိုင်ငံ၏ကုန်ပစ္စည်းများ အထူးသဖြင့်စိုက်ပျိုးကုန်ပစ္စည်းများကို အီလက်ထရောနစ်ကော်မာရှယ်ဖြင့် တရုတ်နိုင်ငံဈေးကွက်အတွင်းသို့ရောက်ရှိရန် တင်သွင်းနိုင်ခဲ့သည်။ ထို့အတူထိုင်းနိုင်ငံ အရှေ့ပိုင်းစီးပွားစကြံဆောက်လုပ်ရေးလည်း တရုတ်နိုင်ငံ၏ပိုမိုခိုင်မာသော အီလက်ထရောနစ်ကော်မာရှယ်အထောက်အပံ့ ရယူရန်မျှော်လင့်နေပါသည်။

# ချင်းလျှန်။ ။တောင်အာရှကုန်စည်ပြပွဲကြောင့်နိုင်ငံအသီးသီးမီဒီယာရှင်များ ပိုမိုနီးကပ်စေ

ယခုနှစ် ဇွန်လ(၁၄)ရက်နေ့(၅)ကြိမ်မြောက် တောင်အာရှကုန်စည်ပြပွဲကို ကူမင်းတွင်ဖွင့်လှစ်ကျင်းပမည်ဖြစ်သည်။ တောင်အာရှကုန်စည်ပြပွဲနှင့် ကူမင်းကုန်စည်ပြပွဲ ရောက်ရှိတော့မည့်အချိန်အခါတွင် တောင်အာရှကုန်စည်ပြပွဲသို့ (၂)ကြိမ်လာရောက်ပါဝင်ခဲ့သည့် ကမ္ဘောဒီးယား သတင်းနှင့်ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးအကြံပေး၊ သတင်းဌာနသတင်းနှင့် ရုပ်မြင်သံကြားညွှန်ကြားမှုဦးစီးဌာနချုပ် ဒုတိယတာဝန်ခံလူကြီးချင်းလျှန်ကို သတင်းထောက်ကမေးမြန်းသတင်းယူခဲ့သည်။

“ကူမင်းတွင် တရုတ်-တောင်အာရှကုန်စည်ပြပွဲအကြိမ်ပေါင်းများစွာကျင်းပခဲ့ရာ တရုတ်နှင့်တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံအသီးသီး ကုန်သွယ်သွားလာမှုကို တွန်းတင်စေသည်သာမက နိုင်ငံအသီးသီး သတင်းမီဒီယာအချင်းချင်းဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိုလည်း ပိုမိုနက်ရှိုင်းစေခဲ့သည်။” ဟူ၍ချင်းလန်မှပြောကြားသည်။ တောင်အာရှကုန်စည်ပြပွဲတွင် (၂)ကြိမ်သတင်းယူခဲ့ရာချင်းလျှန်သည် တရုတ်နှင့်အရှေ့တောင်အာရှ၊ တောင်အာရှနိုင်ငံများမှ မီဒီယာမိတ်ဆွေများစွာနှင့် ရင်းနှီးခဲ့သည်။ “တောင်အာရှကုန်စည်ပြပွဲသည် ကျွန်တော်၏ သူငယ်ချင်းအသိုင်းအဝိုင်းကို တိုးချဲ့စေနိုင်ခဲ့သည်ဟု သူကဆက်လက်ပြောသည်။”

(၂၀၁၄)ခုနှစ်တွင် ချင်းလျှန်သည် ကမ္ဘောဒီးယားသတင်းထောက်များနှင့်အတူ ယူနန်သို့လာရောက်ပြီး တောင်အာရှကုန်စည်ပြပွဲကို တက်ရောက်ခဲ့သည်။ “ပြပွဲပေါ်တွင် ကမ္ဘောဒီးယားမှ ဆန်၊ ငုတ်ကောင်၊ ပီလောပီနံအမှုန့်၊ ကျောက်မျက်ရတနာနှင့် လက်မှုလက်ရာစသည့်ထူးခြားကုန်ပစ္စည်းများကို တွေ့ရသည်သာမက ယဉ်ကျေးမှုလုပ်ငန်း၏ အကြံပေးခြင်းနှင့် လုပ်ငန်းများရင်းနှီးခေါ်ယူခြင်းစသည်တို့ကို တွေ့ရခဲ့တာကို ကျွန်တော်အထူးမှတ်မိပါတယ်။”ဟု ချင်းလျှန်ကပြောသည်။ ပြခန်းထဲမှပစ္စည်းများကြောင့် ကမ္ဘောဒီးယားသတင်းထောက်အဖွဲ့သည် ရင်းနှီးမှုကိုခံစားစေခဲ့သည်။

သတင်းလုပ်ငန်းရှင်ဖြစ်သောချင်းလျှန်သည် မီဒီယာနှင့်လုပ်ငန်းအတွင်း၏ ဖလှယ်မှုကို အထူးဂရုစိုက်သည်။ ပထမအကြိမ် တောင်အာရှကုန်စည်ပြပွဲကျင်းပပြီးနောက် တောင်အာရှကုန်စည်ပြပွဲဖြင့်ဖလှယ်မှုစင်မြင့်အဖြစ် ကမ္ဘောဒီးယားနှင့်ယူနန်မီဒီယာအတွင်း ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများ အဆက်မပြတ်တိုးပွားလာခဲ့ပြီး ပူးပေါင်းရေးနယ်ပယ်ပိုမိုကျယ်ပြန့်၊ ပူးပေါင်းဆောင်ရွက်ရေးနည်းလမ်း ပိုမိုများပြားလာခဲ့ပါသည်။ ယူနန်နိုင်ငံတကာချန်နယ်သည် ကမ္ဘောဒီးယားတွင် အောင်မြင်စွာအခြေစိုက်ခဲ့သည်။ 《ကမ္ဘောဒီးယားအလင်း》ဖြင့် သတင်းစာပေါ်တွင် ယူနန်သတင်းကော်လံအဆင်ပြေစွာ ဖွင့်လှစ်ခဲ့သည်။ ကမ္ဘောဒီးယားဘာသာဖြင့် ထုတ်ဝေသော《ခမာ》မဂ္ဂဇင်းလည်း ကမ္ဘောဒီးယားတွင် ပိုမိုကျယ်ပြန့်စွာ ဖြန့်ချီခဲ့သည်။ ယင်းတို့သည် တရုတ်ကမ္ဘောဒီးယားအချင်းချင်းပူးပေါင်းဆောင်ရွက်မှုအတွက် တွန်းအားများ ထပ်တိုးစေခဲ့သည်။

“သတင်းနှင့်ပြန်ကြားရေးဝန်ကြီးဌာနသည် တောင်အာရှကုန်စည်ပြပွဲသို့ တက်ရောက်ရန်ဖိတ်ကြားလွှာကို နှစ်စဉ်ရရှိခဲ့သည်။ ကျွန်တော်တို့သည် အကြိမ်တိုင်း သတင်းမီဒီယာအဖွဲ့များဖွဲ့စည်းပြီး ပါဝင်တက်ရောက်ခဲ့သည်။ အကြိမ်တိုင်း မတူညီသော သတင်းအချက်အလက်နှင့် အံ့ဖွယ်များကိုရရှိနိုင်သည်။”ဟု ချင်းလျှန်သည် ပြောကြားခံသည်တောင်အာရှကုန်စည်ပြပွဲ ပိုမိုကောင်းမွန်စွာကျင်းပရန်မျှော်လင့်ပြီး တံခါးဖွင့်လှစ်သောယူနန်ဆန်းကျယ်သော တောင်အာရှကုန်စည်ပြပွဲကိုလည်း ပိုများသောလူများသိရှိလာစေလိုပါသည်။

သတင်းထောက် စိန်ရမ်း